# ဆီးချိုရောဂါတွင် အသုံးပြုသည့် ဆေးဖက်ဝင် အပင်များဆန်းစစ်လေ့လာခြင်း

ကြည်ကြည်ဦး [၁]၊ သန်းညွန့် [၂]၊ ခိုင်နွေးနွေးကျော် [၁]၊

[၁] တိုင်းရင်းဆေးတက္ကသိုလ်

[၂] တိုင်းရင်းဆေးသိပ္ပံ

ဆီးချိုရောဂါသည် ၂၁ ရာစု ကမ္ဘာ့လူသားများအား သေကျေပျက်စီးမှုများစွာ ဖြစ်စေနိုင်ခြင်း မသေမီကာလတွင် လူစဉ်မမီမသန်စွမ်းဖြစ်ကာ အသက်ရှင်လျက်နှင့် သေနေသောဘဝသို့ ရောက်အောင် တွန်းပို့နိုင်သော ရောဂါဆိုးတစ်ခုဖြစ်သည်။ သို့ဖြစ်၍ ဆီးချိုရောဂါကို ကာကွယ်ကုသနိုင်ရန် ဆေးဖက်ဝင်အပင်များကို စိတ်ဝင်စားလာကြသည်နှင့် အညီ ဆီးချိုရောဂါတွင် အသုံးပြုနိုင်သော ဆေးဖက်ဝင်အပင်(၃၇) ကိုဖော်ထုတ်သုတေသန ပြုလုပ်နိုင်ရန်အတွက် တိုင်းရင်းဆေးဆရာများ၏ လက်တွေ့အသုံးပြုမှုနှင့် စာပေတွေ့ရှိချက်များကို လေ့လာခဲ့ပါသည်။ ထိုသို့လေ့လာခဲ့သော ဆေးဖက်ဝင်အပင် ၃၇ မှ တိုင်းရင်းဆေးဆရာများ၏ လက်တွေ့အသုံးပြုမှုအများဆုံး ၁၇ ပင်၊ ရိုးရာအရ သာမကဘဲ စမ်းသပ်ဆေးဝါးဂုဏ်သတ္တိနှင့် လက်တွေ့ဆေးဝါးဂုဏ်သတ္တိများအရ သုတေသနပြုလုပ်ပြီး ၉ ပင်နှင့် ဆေးကျမ်းအခိုင်အမာ တွေ့ရှိချက်အများဆုံး ၁၁ ပင်ဖြစ်ကြောင်း သုံးသပ်လေ့လာတွေ့ရှိရပါသည်။